Message Eleven

# ပြီးမြောက်ပြည့်စုံသောဘုရားသခင်နှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများ၏ ဘုရားဆိုင်ရာ-လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်း - ခမည်းတော်အားဖြင့် ဘုရားဆိုင်ရာဘုန်းတော်နှင့်အတူ ဘုန်းထင်ရှားခံရသော ခရစ်တော်၏ ရလဒ်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ လု၊၁၂း၄၉-၅၀။ ယော၊၁၂း၂၃-၂၄။ ၁၄း၂၊ ၁၀-၁၁၊ ၁၇၊ ၂၀-၂၁၊ ၂၃။ ၁၅း၁-၈၊ ၁၆။ ၁၆း၁၃-၁၆။ ဗျာ၊၂၁း၃၊ ၂၂

**I. စကြဝဠာတစ်ခုလုံး၌ ဘုရားသခင်အလိုရှိသောအရာ တစ်ခုတည်းသာရှိကြောင်း ကျွန်ုပ်တို့မြင်ရမည်၊ ယင်းမှာ ပြီးမြောက်ပြည့်စုံသောဘုရားသခင်အဖြစ် မိမိကိုယ်တော်တိုင်နှင့်အတူ အသစ်မွေးဖွားခံရသောယုံကြည်သူများ၏ စကြဝဠာဆိုင်ရာပေါင်းစည်းပါဝင်ခြင်း ဖြစ်သည် - ယော၊၁၄း၁၀-၁၁၊ ၂၀။ ၁၇း၂၁၊ ၂၃။ ၁၄း၂၃။ ဗျာ၊၂၁း၃၊ ၂၂။**

A. သခင်ဘုရားနှင့်အတူ ယုံကြည်သူများ၏ဆက်နွယ်မှုကို *ပေါင်းစည်းခြင်း*၊ *ရောနှောပေါင်းစည်းခြင်း* နှင့် *ပေါင်းစည်းပါဝင်ခြင်း* ဟူသောစကားလုံးများဖြင့် ဖော်ပြထားသည်။ *ပေါင်းစည်းခြင်း*သည် သခင်ဘုရားနှင့်အတူ အသက်၌ ကျွန်ုပ်တို့ တစ်လုံးတစ်ဝ ဖြစ်ခြင်းနှင့် စပ်လျဉ်းသည်၊ *ရောနှောပေါင်းစည်းခြင်း*သည် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာသဘောသဘာဝများနှင့် ဆက်နွယ်နေသည်၊ *ပေါင်းစည်းပါဝင်ခြင်း*မှာ အချင်းချင်းကိန်းဝပ်တည်ရှိခြင်း၊ အပြန်အလှန်တည်ရှိခြင်းရှိသော ပုဂ္ဂိုလ်များဖြစ်သည် - ယော၊၁၅း၄-၅။ ၂ပေ၊၁း၄။ ယော၊၁၄း၂၀။

B. ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ သုံးပါးသည် သူတို့၏ဖြစ်ခြင်း၌လည်းကောင်း၊ သူတို့လုပ်ဆောင်ခြင်း၌လည်းကောင်း ထာဝရကာလပတ်လုံး ပေါင်းစည်းပါဝင်ခြင်း ဖြစ်သည် - အငယ်၊၁၀။

1. ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ သုံးပါးသည် အပြန်အလှန်တည်ရှိနေခြင်းအားဖြင့် ပေါင်းစည်းပါဝင်ခြင်းရှိကြသည် - "ငါသည် ခမည်းတော်၌ ရှိသည်၊ ခမည်းတော်သည် ငါ၌ ရှိတော်မူသည်"- အငယ်၊၁၀က၊ ၁၁က။
2. ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ သုံးပါးသည် တစ်ဦးတည်းအဖြစ် အတူတကွ လုပ်ဆောင်ခြင်းအားဖြင့် ပေါင်းစည်းပါဝင်ခြင်းရှိကြသည် - "ငါဟောပြောသော စကားကို ကိုယ်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါ၌ တည်နေတော်မူသော ခမည်းတော်သည် သူ၏ အမှုတို့ကို ပြုတော်မူ၏။" (အငယ်၊၁၀ခ)၊ "ငါ့စကားကို မယုံလျှင် ငါ့အမှုတို့ကို ထောက်၍ ယုံကြလော့" (အငယ်၊၁၁ခ)။

C. တမန်တော် ၂း၂၃ တွင် ဤစကြဝဠာဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းဖြစ်သည့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ သုံးပါးသည် ထာဝရကာလ၌ ကောင်စီစည်းဝေးခြင်းပြုကာ၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဒုတိယသည် အချိန်အထဲသို့ လူတစ်ဦးဖြစ်လာ၍ ဘုရားသခင်၏ဘုရားဆိုင်ရာ စီမံကိန်းကို သယ်ဆောင်ရန် စေလွှတ်ဖို့ သဘောတူခဲ့ကြသည် - ၁ပေ၊၁း၂၀။ မိ၊၅း၂။ ညွှန်း၊ က၊၁း၂၆။

D. လူ့ဇာတိခံခြင်းမတိုင်မီက ဤစကြဝဠာဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းသည် အုပ်စုသုံးခု ပါရှိခဲ့ပြီးဖြစ်သည်။ ထိုနောက် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဒုတိယသည် ဤစကြဝဠာဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းကို လူသားဇာတိအထဲသို့ ခေါ်ဆောင်လာခဲ့သည် - ယော၊၁၄း၁၀-၁၁။

E. ဘုရားဆိုင်ရာသုံးပါးတစ်ပါးရှိ သုံးပါးသည် ထာဝရအတိတ်ကာလ၌ ပေါင်းစည်းပါဝင်ခဲ့ပြီးသားဖြစ်သည်။ ဤပေါင်းစည်းပါဝင်သောအရှင်သည် အချိန်အထဲသို့ ရောက်လာ၍၊ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားခံ ယုံကြည်သူများ၏ စကြဝဠာဆိုင်ရာ ကြီးမားသည့် ဘုရားဆိုင်ရာ-လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းကို ဖြစ်စေရန် ကိုယ်တော်၏ ပေါင်းစည်းပါဝင်ခြင်းအထဲသို့ ကိုယ်တော်၏ ရွေးချယ်ခံသူများအားလုံးကို ပေါင်းစည်းပါဝင်စေသည် - ၁၇း၂၁။

F. ယောဟန် ၁၄း၂၀ တွင် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ပေါင်းစည်းပါဝင်ခြင်းတစ်ခုဖြစ်လာခဲ့ကြောင်း ဖွင့်ပြထားသည်။

1. "ထိုနေ့၌" - သားတော်၏ ရှင်ပြန်ထမြောက်ခြင်း နေ့၌။
2. "ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း" (သားတော်နှင့် ခမည်းတော်သည် တစ်ပါးတည်းအဖြစ်သို့ ပေါင်းစည်းပါဝင်ခြင်း)၊ "သင်တို့သည် ငါ၌ ရှိသည်ကိုလည်းကောင်း" (အသစ်မွေးဖွားခံရသော ယုံကြည်သူများသည် သားတော်အထဲ

သို့လည်းကောင်း၊ သားတော်၌ ခမည်းတော်အထဲသို့လည်းကောင်း ပေါင်းစည်းပါဝင်ခြင်း)၊ "ငါသည် သင်တို့၌ ရှိသည်ကို လည်းကောင်း" (ခမည်းတော်၌ သားတော်သည် အသစ်မွေးဖွားခံရသော ယုံကြည်သူများအထဲသို့ ပေါင်းစည်းပါဝင်ခြင်း) သင်တို့ သိရကြလိမ့်မည်။

3. အပိုဒ်ငယ် ၁၇ ရှိ (စစ်မှန်ခြင်း၏ ဝိညာဉ်တော်... သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့သိရကြ၏) စစ်မှန်ခြင်း၏ဝိညာဉ်တော်၏ ၌ သည် အငယ် ၂၀ ရှိ ၌ သုံးခု၏ စုစုပေါင်းဖြစ်သည်။

**II. ခရစ်တော်၏ ဘုရားဇာတိ ဘုန်းတော် လွတ်မြောက်စေခြင်းသည် ရှင်ပြန်ထမြောက်ခြင်း၌ ခမည်းတော်အားဖြင့် ဘုရားဆိုင်ရာ ဘုန်းတော်နှင့်အတူ ကိုယ်တော်ကို ဘုန်းထင်ရှားစေခြင်း (၁၂း၂၃-၂၄) ဖြစ်ကာ၊ ကိုယ်တော်အသေခံတော်မူခြင်းမှတစ်ဆင့် (လု၊ ၂၄း၂၆) ဖြစ်သည်။ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်နှင့်အတူ ကိုယ်တော်၏ ဘုရားဇာတိ ဘုန်းတော်ကို လွတ်မြောက်စေခြင်း သည် မြေကြီးပေါ်မှာ မီးရှို့ခြင်းအတွက် ဖြစ်သည် (၁၂း၄၉-၅၀)။**

A. ခရစ်တော်၏ ဘုရားဇာတိဘုန်းတော်သည် ဂျုံမျိုးစေ့၌ကဲ့သို့ ကိုယ်တော်၌ ဖုံးကွယ်ထားခြင်း ရှိခဲ့သည်။ ကိုယ်တော်၏လူ့ဇာတိ ခံခြင်းမှတစ်ဆင့် ကိုယ်တော်၏လူသားဇာတိသည် ကိုယ်တော်၏ဘုရားဆိုင်ရာအသက်နှင့်အတူ ဘုရားဇာတိ၏ ဘုန်းတော်ကို ဖုံးကွယ်ထားရန် အခွံဖြစ်လာခဲ့သည် - ယော၊၁၂း၂၃-၂၄။

B. သခင်ဘုရားသည် ဖိနှိပ်ခြင်းနှင့် အနိုင်အထက်ပြုခြင်းခံရကာ၊ လူသားဇာတိအခွံ ကျိုးပျက်ခြင်းမှတစ်ဆင့် ဘုရားအသက်နှင့် အတူ ကိုယ်တော်၏ ဘုရားဇာတိဘုန်းတော် လွတ်မြောက်ခြင်းအတွက် ကိုယ်တော်အသေခံတော်မူခြင်း ဗတ္တိဇံဖြင့် ဗတ္တိဇံခံ ရန် တောင့်တနေခဲ့သည် - လု၊၁၂း၄၉-၅၀။ ယော၊၁၂း၂၃-၂၄။

1. ကိုယ်တော်သည် တုန္နိုင်းရာမဲ့မျိုးစေ့ဖြစ်ကာ၊ ဘုရားဆိုင်ရာဘုန်းတော်နှင့်အတူ ဘုရားဆိုင်ရာအသက် ပါဝင်သည်။ ကိုယ် တော်၏လူသားဇာတိအခွံသည် ကားတိုင်ပေါ်အသေခံခြင်းမှတဆင့် ချိုးဖျက်ခံရသောအခါ ကိုယ်တော်၏ဘုရားဇာတိ ဒြပ်သဘာဝအားလုံး - ကိုယ်တော်၏ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာဘုန်းတော် - သည် တစ်ချိန်တည်းမှာပင် လွတ်မြောက်ခဲ့လေသည်။

2. ကိုယ်တော်၏ အကန့်အသတ်မဲ့သော၊ အနန္တဖြစ်သော ဘုရားဆိုင်အသက်နှင့်အတူ ဘုရားဆိုင်ရာဖြစ်ခြင်းသည် ကိုယ် တော်၏ရုပ်ပိုင်းဆိုင်ရာ အသေခံတော်မူခြင်းမှတစ်ဆင့် လွတ်မြောက်လာခဲ့ပြီးနောက် ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည် သူများ၏ ဝိညာဉ်ရေးရာအသက်တာ နိုးဆော်မှုတွန်းအား ဖြစ်လာသည်။

C. ခရစ်တော်၏ ဘုရားဇာတိဘုန်းတော် လွတ်မြောက်စေခြင်းမှာ ကိုယ်တော်အသေခံခြင်းမှတဆင့် ကိုယ်တော်၏ရှင်ပြန်ထ မြောက်ခြင်း၌ ဘုရားဆိုင်ရာဘုန်းတော်နှင့်အတူ ခမည်းတော်အားဖြင့် ကိုယ်တော်ကို ဘုန်းထင်ရှားစေခြင်းဖြစ်သည်။ ကိုယ် တော်၏လူသားဇာတိ၌ ခရစ်တော်သည် သူ့အား ခမည်းတော်က ဘုန်းထင်ရှားစေမည့်အကြောင်း ဆုတောင်းခဲ့ပြီး၊ ခမည်း တော်က သူ၏ ဆုတောင်းချက်ကို အဖြေပေးခဲ့သည် - ၁၇း၁။ တ၊၃း၁၃။ လု၊၂၄း၂၆။

D. ထိုသို့သော ဘုန်းထင်ရှားခြင်းသည် ခရစ်တော်ကို လူ့ဇာတိခံခြင်းအဆင့်မှ အရာအားလုံးပါဝင်ခြင်းအဆင့်အထဲသို့ ကူးပြောင်း ပေးပြီး၊ ယင်း၌ နောက်ဆုံးသောအာဒံအဖြစ် ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ အရာအားလုံးပါဝင်သော အသက် ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့သည် - ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ဖိ၊၁း၁၉။

E. ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ဘုန်းထင်ရှားခြင်းမှတဆင့် ခရစ်တော်သည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးကို ပိုင်ဆိုင်သော ဘုရားသခင်၏ သားဦးဖြစ်လာခဲ့သည် (တ၊၁၃း၃၃။ ရော၊၈း၂၉)။ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ် တော်၊ ချုံမက်တစ်ခရစ်တော် ဖြစ်လာခဲ့သည် (၁ကော၊၁၅း၄၅ခ။ ယော၊၂၀း၂၂)။ ကိုယ်တော်၏ ယုံကြည်သူများအားလုံးကို ဘုရားသခင်၏သားများ၊ ဘုရားသခင်၏ မျိုးစိတ်များဖြစ်ရန် အသစ်မွေးဖွားပေးခဲ့သည် (၁ပေ၊၁း၃)။

**III. ခရစ်တော်၏ ဘုန်းထင်ရှားခြင်း၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း ရလဒ်မှာ ဘုရားသခင်၏ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ် မွေးဖွားခံရသောလူများအားလုံးကို သွင်ပြင်သုံးခု - ခမည်းတော်၏ အိမ်တော်၊ သားတော်၏ စပျစ်နွယ်ပင်၊ ဝိညာဉ်တော်၏သား ၌ ကိုယ်တော်ကိုယ်တိုင်နှင့်အတူ ပေါင်းစည်းပါဝင်ခြင်းပင် ဖြစ်သည်။**

A. ရှင်ပြန်ထမြောက်ခြင်း၌ ပြီးမြောက်ပြည့်စုံသော ဘုရားသခင်နှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများ၏ ပေါင်းစည်းပါဝင်ခြင်း ပထမသွင်ပြင်မှာ ဗိမာန်တော်အားဖြင့် ပုံဆောင်ထားသည့် ခမည်းတော်၏ အိမ်တော်ဖြစ်သည် - ယော၊၁၄း၂။ ၂း၁၆-၂၁။ ၁တိ၊၃း၁၅။

1. ခမည်းတော်၏ အိမ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားက ကိုယ်တော်၏ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံသော ရွေးချယ်ခံသူများနှင့်အတူ စေ့စပ်ထုံးဖွဲ့ခြင်း၏ ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းဖြစ်သည်။ ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် ကိုယ်တော်၏ အသွေးတော်မှတဆင့် ရွေးနုတ်ခံခြင်း၊ ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် အသက်တော်ဖြင့် အသစ်မွေးဖွားခံခြင်း၊ အသက်ပေးသောဝိညာဉ်တော်အားဖြင့် ဘုရားဆိုင်ရာဒြပ်သဘာဝဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခံရခြင်း ရှိကြကာ၊ သူတို့သည် ခမည်းတော်၏အိမ်တော်၌ "နေစရာအခန်းများ" ဖြစ်ကြသည် - ယော၊၁၄း၂၊ ၂၃။
2. ခမည်းတော်၏ အိမ်တော်သည် ရွေးနုတ်ခံရသည့် ရွေးချယ်ခံသူများထံ ခမည်းတော်နှင့် သားတော်က ဝိညာဉ်တော်နှင့်အတူ အဆက်မပြတ် အကြည့်အရှုကြွလာခြင်းအားဖြင့် တည်ဆောက်ကာ၊ ကိုယ်တော်သည် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ ရွေးနုတ်ခံရသော ရွေးချယ်ခံများ၏ အပြန်အလှန်ကိန်းဝပ်နေထိုင်ရာ နေရာဖြစ်ရန် ရွေးနုတ်ခံရသော ရွေးချယ်ခံသူများ၌ ကိန်းဝပ်နေသည်။

B. ရှင်ပြန်ထမြောက်ခြင်း၌ ပြီးမြောက်ပြည့်စုံသော ဘုရားသခင်နှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများ၏ ပေါင်းစည်းပါဝင်ခြင်း ဒုတိယသွင်ပြင်မှာ သားတော်၏ မှန်သော စပျစ်နွယ်ပင် ဖြစ်သည် - ၁၅း၁-၈၊ ၁၆။

1. အရာအားလုံးပါဝင်သော ခရစ်တော်၏ အမှတ်လက္ခဏာအဖြစ် မှန်သော စပျစ်နွယ်ပင်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်သည်။
2. အကိုင်းအခက်များသည် ခရစ်တော်၏ ယုံကြည်သူများဖြစ်ပြီး၊ သူတို့သည် ဇာတိအားဖြင့် ရိုင်းသောသံလွင်ပင် အကိုင်းအခက်များဖြစ်ခဲ့ဖူးကြကာ၊ ယဉ်သော သံလွင်ပင်အထဲသို့ ကိုင်းဆက်ခံခဲ့ရသူများ ဖြစ်ကြ၍ (ရော၊၁၁း၁၇၊ ၂၄)၊ ယင်းမှာ ခရစ်တော်အထဲသို့ သူတို့၏ယုံကြည်ခြင်းအားဖြင့် (ယော၊၃း၁၅) ကိုင်းဆက်ခြင်းဖြစ်သည်။ ယဉ်သောသံလွင်ပင်နှင့် မှန်သော စပျစ်နွယ်ပင်နှစ်ခုလုံးသည် ခရစ်တော်ကို ပုံဆောင်သည်။ ထို့ကြောင့် သံလွင်ပင်အထဲသို့ ကိုင်းဆက်ခံရခြင်းမှာ ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရခြင်းဖြစ်သည်။
3. ကိုင်းဆက်ခံရသော အကိုင်းအခက်များသည် ဘုရားဆိုင်ရာအသက်ဖြင့် အသစ်မွေးဖွားခံခဲ့ပြီးဖြစ်ကာ၊ ရှင်ပြန်ထမြောက်သောခရစ်တော်နှင့်အတူ အသက်ပေါင်းစည်းခြင်းအထဲသို့ ခေါ်ဆောင်ခံရကာ၊ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားဖြင့် ပေါင်းစည်းပါဝင်ခဲ့ပြီဖြစ်သည်။

C. ရှင်ပြန်ထမြောက်ခြင်း၌ ပြီးမြောက်ပြည့်စုံသော ဘုရားသခင်နှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများ၏ ပေါင်းစည်းပါဝင်ခြင်းတတိယသွင်ပြင်မှာ ဝိညာဉ်တော်၏ အသစ်သောသားဖြစ်သည် - ၁၆း၁၃-၁၆၊ ၁၉-၂၂။

1. အသစ်သောသား၊ လူသစ်သည် ရှင်ပြန်ထမြောက်ခြင်း၌ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အားဖြင့် မွေးဖွားခဲ့သည်။ ဤအသစ်သောသား၊ လူသစ်သည် ကားတိုင်ပေါ်မှာ ဝိနည်းအထုံးအဖွဲ့များရှိ ပညတ်ချက်များ၏ တရားကို ကိုယ်တော်၏ အသွေးအသား၌ ဖျက်ဆီးလိုက်ခြင်းအားဖြင့် ခရစ်တော်က ဖန်ဆင်းခဲ့ခြင်းဖြစ်သည် - အဧ၊၂၊ ၁၃-၁၅။ ၈၊၂း၁၅။
2. ဤအသစ်သောသား၊ လူသစ်သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြင့် ခမည်းတော်အားဖြင့် အသစ်မွေးဖွားကာ၊ ဝိညာဉ်တော်အားဖြင့် ယုံကြည်သူများ၏ ဝိညာဉ်၌ မွေးဖွားခဲ့ခြင်းဖြစ်သည် - ၁ပေ၊၁း၃။ ရော၊၁း၄။ ယော၊၃း၆ခ။
3. ကိုယ်တော်အသေခံခြင်းမှတဆင့် ခရစ်တော်ခွဲခွာခြင်းကို တွေ့ကြုံခဲ့ကြသော ခရစ်တော်၏ ယုံကြည်သူများ ပထမအုပ်စုသည် သားဖွားပေးသောမိန်းမ ဖြစ်ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ပြန်လာသော ခရစ်တော်သည် လူသစ်ဖြစ်ရန် အသစ် မွေးဖွားလာသည့်သား ဖြစ်သည် - ၁၆း၂၀-၂၂။ ကော၊၃း၁၀-၁၁။
4. လူသစ်သည် ယုံကြည်သူများက ခရစ်တော်၏ကိုယ်ခန္ဓာတော် ပြီးမြောက်ပြည့်စုံရန် သူတို့အသိဉာဏ်၏ ဝိညာဉ်၌ အသစ်ပြုပြင်ခံခြင်းမှတစ်ဆင့် ယူတင်ဝတ်ဆင်ခြင်း ဖြစ်သည် - ဧ၊၄း၂၃-၂၄။

**IV. ကိုယ်တော်ကို ကျွန်ုပ်တို့၏ကိန်းဝပ်နေရာအဖြစ် ယူဆောင်၍ ခရစ်တော်၌ တည်နေရန်၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ကိန်းဝပ်ရာနေရာအဖြစ် ယူဆောင်၍ ကျွန်ုပ်တို့၌ ကိုယ်တော်ကို တည်နေခွင့်ပြုရန် တို့သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားနှင့် ရွေးနုတ်ခံကာ အသစ်မွေးဖွားခံရသည့် ယုံကြည်သူများ၏ စကြဝဠာဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်း၏ စစ်မှန်ခြင်း၌ အသက်ရှင်ခြင်း ဖြစ်သည် - ယော၊၁၄း၂၊ ၁၀-၁၁၊ ၁၇၊ ၂၀၊ ၂၃။**

A. ကိုယ်တော်သည် ကျွန်ုပ်တို့၌တည်ရန် ခရစ်တော်၌တည်နေခြင်းမှာ ခရစ်တော်၌ ကျွန်ုပ်တို့အသက်ရှင်ခြင်းရှိရန်၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏အရာခပ်သိမ်းအဖြစ် ယူဆောင်ရန်ဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့၏ကိန်းဝပ်ရာအဖြစ်၊ ကျွန်ုပ်တို့ထာဝရကိန်းဝပ်နေရာအဖြစ် ယူဆောင်ခြင်းမှာ ခရစ်တော်ကို အမြင့်ဆုံးနှင့် အပြည့်ဝဆုံး တွေ့ကြုံခံစားခြင်းဖြစ်သည် - ဆာ၊၉၀း၁၊ ၉၁း၁၊ ၉။ ယော၊၁၅း၄-၅။ ဗျာ၊၂၁း၂၂။

B. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်ကြသည်၊ ထိုသို့ဖြင့် ကိုယ်တော်ကို ချစ်ခြင်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၌ တည်နေနိုင်မည်ဖြစ်သည် - ယော၊၁၄း၂၁၊ ၂၃။

1. သခင်ဘုရားကို ပထမဆုံးမေတ္တာဖြင့် ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာပေးကြကာ၊ ကိုယ်တော်၏ကိန်းဝပ်ရာနေရာဖြစ်လာရန် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားအထဲသို့ ပေါင်းစည်းပါဝင်ခြင်းရှိကြသည် - ဗျာ၊၂း၄-၅။ ကော၊၁း၁၈ခ။ ယော၊၁၄း၂၁၊ ၂၃။ ဧ၊၃း၁၆-၁၇။ ညွှန်း၊ ဆာ၊၂၇း၄။
2. ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ မိမိကိုယ်တော်တိုင် ထင်ရှားပေါ်ထွန်းလာပြီး ခမည်းတော်သည် ကိုယ်တော်နှင့်အတူကြွလာ၍ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့နှင့်အတူ ကိန်းဝပ်တည်နေသည်။ ဤကိန်းဝပ်တည်နေခြင်းသည် အပြန်အလှန် တည်နေခြင်းဖြစ်ပြီး၊ ၎င်း၌ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၌ တည်နေကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်ကြသည် - ယော၊၁၄း၂၃။
3. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်လေလေ၊ ကိုယ်တော်၏မျက်မှောက်တော်ကို ကျွန်ုပ်တို့ရရှိလေလေဖြစ်ကာ၊ ကိုယ်တော်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့ရှိလေလေ၊ ကျွန်ုပ်တို့ထံ ကိုယ်တော်ဖြစ်တော်မူသမျှအားလုံးကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရလိမ့်မည်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် သခင်ယေရှုကို ချစ်ခြင်းအား ပြန်လည်ရယူခြင်းဖြစ်သည် - ၁ကော၊၂း၉-၁၀။ ဧ၊၆း၂၄။

C. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်ကြသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ပြင်ပ၌ရှိသော ကျမ်းစာရှိ အမြဲတည်သော စကားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွင်း၌ရှိသော ဝိညာဉ်တော်အဖြစ် လက်ရှိစကားပြောခြင်းဖြင့်လည်းကောင်း ဆက်ဆံဖြေရှင်းခြင်းအားဖြင့် ကျွန်ုပ်တို့၌ တည်နေနိုင်မည်ဖြစ်သည် - ယော၊၅း၃၉-၄၀။ ၆း၆၃။ ၂ကော၊၃း၆။ ဗျာ၊၂း၇။

1. အပြင်ပိုင်းဖြစ်သော ရေးသားထားသည့် နှုတ်ကပတ်စကားအားဖြင့် ကျွန်ုပ်တို့သည် နက်နဲလှသော သခင်ဘုရား၏ ရှင်းပြခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ထင်ရှားခြင်းကို ရရှိကြပြီး၊ အတွင်းပိုင်းဖြစ်သော အသက်ရှင်သော နှုတ်ကပတ်စကားအားဖြင့် ကျွန်ုပ်တို့သည် တည်နေသော ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် လက်တွေ့ကျသော သခင်ဘုရား၏ မျက်မှောက်တော်ကို ရရှိကြသည် - ဧ၊၅း၂၆။ ၆း၁၇-၁၈။
2. ကျွန်ုပ်တို့သည် သခင်ဘုရား၏ အမြဲတည်သော ရေးသားထားသောနှုတ်ကပတ်စကား၌ တည်နေမည်ဆိုလျှင် ကိုယ်တော်၏ ချက်ချင်းဖြစ်သော အသက်ရှင်သော နှုတ်ကပတ်စကားများသည် ကျွန်ုပ်တို့၌ တည်နေလိမ့်မည်ဖြစ်သည် - ယော၊၈း၃၁။ ၁၅း၇။ ၁ယော၊၂း၁၄။
3. ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မြေဆီ၊ ကျွန်ုပ်တို့၏မြေကြီးအဖြစ် ခရစ်တော်အထဲသို့ အောက်သို့အမြစ်စွဲခြင်းရှိကာ၊ ခမည်းတော် ဘုန်းထင်ရှားခြင်းအတွက် အထက်သို့ အသီးသီးခြင်း ရှိကြသည် - ၂ဘုရင်၊၁၉း၃၀။ ဟေရှာ၊၃၇း၃၁။ ယော၊၁၅း၇-၈။
4. ကျွန်ုပ်တို့သည် ကိုယ်တော်၌တည်ပြီး၊ ကိုယ်တော်၏စကားများသည် ကျွန်ုပ်တို့၌ တည်နေသည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် လူအထဲသို့၊ လူသည် ဘုရားသခင်အထဲသို့ တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့သည် ကိုယ်တော်၌ စကားပြောကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌စကားပြောခြင်း ရှိနိုင်မည်ဖြစ်သည် - အငယ်၊၇၊ ၂ကော၊၂း၁၇။ ၁၃း၃။ ၁ကော၊၁၄း၄ခ။

5. နံနက်တိုင်း နံနက်တိုင်း၌ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ထိတွေ့ခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်ခံရန်နှင့် ကျွန်ုပ်တို့ နေထိုင်ရာနေရာဟောင်းဖြစ်သည့် ကျွန်ုပ်တို့ကိုယ်တိုင်ထဲက ထွက်၍ ကျွန်ုပ်တို့ နေထိုင်ရာနေရာသစ်၊ အပြန်အလှန်တည်နေသော သုံးပါးတစ်ပါးဘုရား၏ တစ်လုံးတစ်ဝဖြစ်ခြင်းရှိရာ သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့ရန်အလို့ငှာ ကျွန်ုပ်တို့ကို ထိတွေ့စေဖို့ ဝိညာဉ်တော်ကို အခွင့်ပေးရန် လိုအပ်သည် - ယော၊၁၇း၁၇၊ ၂၁။ ဧ၊၅း၂၆။

## V. ယေရုရှလင်မြို့သစ်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားခံ၊ သန့်ရှင်းစင်ကြယ်ခံ၊ အသစ်ပြုပြင်ခံ၊ ပုံသဏ္ဌာန်ပြောင်းလဲခံ၊ သဏ္ဌာန်တူညီခြင်းခံကာ ဘုန်းထင်ရှားသည့် သုံးပိုင်းရှိသော အသင်းတော်၏ အဆုံးစွန် ပေါင်းစည်းပါဝင်ခြင်း ဖြစ်သည် - ဗျာ၊၂၁း၃၊ ၂၂။

A. ယေရုရှလင်မြို့သစ်သည် စုပေါင်းထားသော ပုဂ္ဂိုလ်၊ စုပေါင်းထားသော ကြီးမားသော ဘုရား-လူ ဖြစ်သည်။ ဤစုပေါင်းထားသောပုဂ္ဂိုလ်သည် စုံတွဲ - အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားက ပုံသဏ္ဌာန်ပြောင်းလဲခံရသည့် သုံးပိုင်းရှိသောလူကို လက်ထပ်ထိမ်းမြားခြင်း ဖြစ်သည်။ ဤသည်မှာ ဝိညာဉ်တော်နှင့် သတို့သမီးသည် တစ်ခုတည်းသောထုံးဖွဲ့မှုဖြစ်လာရန် အတူတကွ ပေါင်းစည်းခြင်း၊ ရောနှောခြင်းနှင့် ပေါင်းစည်းပါဝင်ခြင်း ဖြစ်သည် - ၂၂း၁၇က။

B. ဘုရားသခင်သည် သုံးပါး - ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်-ဖြစ်သော စုပေါင်းထားသော ပုဂ္ဂိုလ်ဖြစ်သည်။ သန်းပေါင်းများစွာသော ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည်လည်း စုပေါင်းထားသော ပုဂ္ဂိုလ်ဖြစ်သည်။ ဤပုဂ္ဂိုလ်များသည် ယခုတွင် အချင်းချင်း၌ ရှိနေကြသည် - ယော၊၁၄း၂၀-၂၁။ ၁၅း၅။ ၁ယော၊၄း၁၅-၁၆။

C. ကျွန်ုပ်တို့သည် ကိုယ်တော်၏ကိန်းဝပ်ရာနေရာအတွက် ဘုရားသခင်၏တဲတော်ဖြစ်ပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိန်းဝပ်ရာအတွက် ကျွန်ုပ်တို့၏ဗိမာန်တော်ဖြစ်ကာ - ဘုရားသခင်နှင့်လူ၏ အပြန်အလှန် တည်နေရာ ဖြစ်သည် - ဗျာ၊၂၁း၂-၃၊ ၂၂-၂၃။ ဆာ၊၉၀း၁။ ၂၇း၄။ တရား၊၃၃း၂၇။

D. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏တဲတော်ဖြစ်ပြီး၊ တဲတော်၏ အလယ်ဗဟိုသည် ဝှက်ထားသောမန္နအဖြစ် ခရစ်တော်ဖြစ်သည်။ ဤစကြဝဠာဆိုင်ရာ၊ ဘုရားဆိုင်ရာ-လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်း၊ ဘုရားနှင့်လူ၏ အပြန်အလှန်တည်နေရာအထဲသို့ ပေါင်းစည်းပါဝင်ရန် နည်းလမ်းမှာ ခရစ်တော်ကို ဝှက်ထားသောမန္နအဖြစ် စားသုံးရန်ဖြစ်သည် - ဗျာ၊၂၁း၃။ ထွ၊၁၆း၃၂-၃၄။ ဟေဗြဲ၊၉း၄။ ဗျာ၊၂း၁၇။

1. ဝှက်ထားသောမန္နအဖြစ် ခရစ်တော်သည် ရွှေအိုးအဖြစ် ခမည်းတော်ဘုရားသခင်၌ ရှိသည်။ ခမည်းတော်သည် သေတ္တာတော်အဖြစ် ကိုယ်တော်၏ သဘောသဘာဝနှစ်ခုဖြစ်သော ဘုရားဇာတိနှင့် လူသားဇာတိနှင့်အတူ ခရစ်တော်၌ ရှိသည်။ ကိန်းဝပ်နေသော ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသော ဝိညာဉ်၌ အသက်ရှင်ကာ၊ အသန့်ရှင်းဆုံးဌာန၏ စစ်မှန်ခြင်းဖြစ်လာသည် - ဤသည်မှာ သားတော်သည် ခမည်းတော်၌ရှိ၍၊ ခမည်းတော်သည် သားတော်၌ရှိကာ၊ ဝိညာဉ်တော်အဖြစ် သားတော်သည် အသန့်ရှင်းဆုံးဌာန၏ စစ်မှန်ခြင်းဖြစ်ကြောင်း ဆိုလိုသည်။

2. ကျွန်ုပ်တို့သည် လောကသို့ ပေါင်းစည်းနွယ်ခြင်းမရှိသင့်ပါ - ကျွန်ုပ်တို့သည် ခရစ်တော်ကို ဝှက်ထားသောမန္နအဖြစ် စားသုံးခြင်းအားဖြင့် ယေရုရှလင်မြို့သစ်အထဲသို့ ပေါင်းစည်းပါဝင်သင့်သည်။ ကိုယ်တော်ကို စားသုံးသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် ဤကြီးမားသည့် ပေါင်းစည်းပါဝင်ခြင်း၌ အသက်ရှင်ကြကာ၊ ယင်းသည် ယနေ့ စုပေါင်းထားသောခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ကာ၊ နောက်ဆုံးတွင် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည်။

3. သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်ထာဝရစီမံကိန်း၏ ပန်းတိုင်ဖြစ်သည်။ တုနှိုင်းရာမဲ့ဘုရားသခင်သည် နောက်ဆုံးတွင် ကြီးမားသည့် ဘုရားဆိုင်ရာ-လူသားဆိုင်ရာ စကြဝဠာဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းအဖြစ် ကိုယ်တော်၏ ထာဝရကြီးမားကျယ်ပြန့်ခြင်းနှင့် ထာဝရထင်ရှားခြင်းဖြစ်ရန် မြို့တော်တစ်ခုတည်းအဖြစ်သို့ ကြီးမားကျယ်ပြန့်လာသည်။

© 2023 Living Stream Ministry